# ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ

## မူဝါဒသဘောတရား ၊
## ရည်ရွယ်ချက် ၊
## လုပ်ငန်းစဉ်များ ၊
## ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ

DANU NATIONAL ORGANIZATION PARTY

(DNOP)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) ပါတီအမည်၊ အလံနှင့် အထိမ်းအမှတ်တံဆိပ် | ၃ |
| ၃။ | အခန်း(၂) ပါတီဆောင်ပုဒ် | ၆ |
| ၄။ | အခန်း(၃) ရည်ရွယ်ချက် | ၆ |
| ၅။ | အခန်း(၄) ပါတီဖွဲ့စည်းပုံ | ၇ |
| ၆။ | အခန်း(၅) ပါတီဝင်များစိစစ်လက်ခံခြင်း | ၁၁ |
| ၇။ | အခန်း(၆) ပါတီစည်းမျဉ်းစည်းကမ်းများ | ၁၂ |
| ၈။ | အခန်း(၇) ပါတီမူဝါဒသဘောထားများ | ၁၄ |
| ၉။ | အခန်း(၈) အထွေထွေ | ၂၁ |
| ၁၀။ | အခန်း(၉) ဖြည့်စွက်ပြင်ဆင်ခြင်း၊ပြဋ္ဌာန်းခြင်း၊ဖျက်သိမ်းခြင်း | ၂၃ |

# နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ရခိုင် ၊ ဗမာ ၊ မွန် ၊ ရှမ်း ၊ ချင်း ၊ ကချင် ၊ ကရင် ၊ ကယား စသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည့် နိုင်ငံတော်ကြီးဖြစ်သည်။

သို့ဖြစ်ပါ၍ တိုင်းရင်းသားလူမျိုးအများစုတို့ အေးအတူ ပူအမျှ အတူတကွ နေထိုင်ခဲ့ကြသော်လည်း တောင်ပေါ်မြေပြန့် နယ်မြေဒေသ ကွဲပြားသလို ရိုးရာယဉ်ကျေးမှု ၊ ဓလေ့ထုံးတမ်းစဉ်လာ ၊ ဘာသာစကား ကွဲပြားခြားနားစေကာမူ မိဘနှစ်ပါးမှ မွေးဖွားလာကြသော ညီအစ်ကို မောင်နှမများ ဖြစ်ကြသည်ဟု ခံယူသည်။

တိုင်းရင်းသား လူမျိုးများ အားလုံးတို့သည် တအူတုံဆင်း ညီအစ်ကို မောင်နှမအရင်းများ ဖြစ်ကြသည်နှင့်အညီ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး တန်းတူညီမျှခြင်းဖြင့် တစိတ်တဝမ်းတည်း (ဥမကွဲသိုက်မပျက်) အတူတကွ စည်းလုံး ညီညွတ်စွာ လက်တွဲဆောင်ရွက်ကြမှသာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစဉ်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး မလွဲမသွေ ရှင်သန်အောင်မြင်ရမည်မှာ အမှန်ပင် ဖြစ်လေတော့ သတည်း။

## ကျွန်ုပ်တို့၏ ခံယူချက်

ကမ္ဘာ့လူသားတစ်ဦးချင်းစီ၏ ဆန္ဒအမှန်သည် ငြိမ်းချမ်းစွာနှင့် အသက်ရှင်သန်ရပ်တည်လိုကြသော်လည်း မိမိ၏ စားဝတ်နေရေး ၊ စီးပွားရေးတွင် မတော်လောဘမှ အစပြု၍ ကမ္ဘာ့စစ်မီးကြီး တောက်လောင်ရသည်အထိ ဖြစ်ခဲ့ကြရပေသည်။

လူသားတစ်ဦးချင်းစီ၏ အသက်ရှင်သန်ရပ်တည်မှုသည် အဆင့် နိမ့်မြင့် ၊ ဆင်းရဲချမ်းသာ ကွဲပြားခြားနားခြင်းဖြစ်နေသ၍ လူ့လောကကြီး အေးချမ်းသာယာလိမ့်မည်မဟုတ် ။ လူသားတစ်ဦးချင်းစီမှ ကမ္ဘာ့လူသား တစ်ရပ်လုံးဆီသို့ တပြေးညီ အေးချမ်းသာယာ ဝပြောရန်မှာ လူသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူသည်။

## ကျွန်ုပ်တို့၏ သံဓိဋ္ဌာန်

ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားအများစုနှင့် ဖွဲ့စည်းတည်ထောင် စုစည်းနေကြရသည်နှင့်အညီ သူတော်ကောင်းတရား(၁၀)ပါး လက်ကိုင်ထားလျက် လောကပါလတရားများ အစဉ်တိုးပွားလာစေရန် မိမိတို့၏ "ဓနုအမျိုးသားများအဖွဲ့ချုပ်" ပါတီဝင်များနှင့်တကွ ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးနှင့်အတူ တစိတ်တဝမ်းတည်း အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ပြီး လွတ်လပ်ပျော်ရွှင်ခြင်း ၊ တရားမျှတအေးချမ်းခြင်း ၊ တန်းတူညီမျှခံစားခြင်း စသည့် လူ့ဘောင်သစ်ကြီးကို တည်ဆောက်သွားမည်ဟု လေးလေးနက်နက် သံဓိဋ္ဌာန် ပြုပါသည်။


## အခန်း(၁)

## ပါတီအမည် ၊ အလံနှင့် ပါတီအထိမ်းအမှတ်တံဆိပ်

ပါတီအမည်

၁။ ပါတီအမည်မှာ "ဓနုအမျိုးသားများအဖွဲ့ချုပ်" Danu National Organization Party (DNOP) ပါတီဖြစ်ပါသည်။

ပါတီအလံ



၂။ ပါတီအလံ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပါတီအလံ အလျား - ၇၂" × အနံ ၄၈"

(ခ) အောက်ခံ အနီရောင် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ -

- ရဲရင့်ခြင်း
- ပြတ်သားခြင်း ဖြစ်ပါသည်။

(ဂ) ပါတီအလံ၏ အပေါ်ဘက် ကြယ်အကြီး အဖြူရောင်(၃)လုံးမှာ– လောကပါလတရား(၃)ပါးနှင့် ထပ်တူညီမျှပြီး ဒီမိုကရေစီ၏ အနှစ် ဖြစ်သော –

- လွတ်လပ်ခြင်း
- တရားမျှတခြင်း
- တန်းတူညီမျှခြင်းဟု အဓိပ္ပာယ်ဖြစ်သည်။

(ဃ) အောက်ဘက် အဖြူရောင်ကြယ်(၆)လုံးမှာ ဓနုလူမျိုးအများစု နေထိုင်ကြသော ဒေသကို ကိုယ်စားပြုပါသည်။

(င) ကြယ်အကြီး(၃)လုံးနှင့် ကြယ်အသေး(၆)လုံး အောက်ဘက်ရှိ တောင်တန်းပုံသည် ဓနုလူမျိုးနှင့် တောင်ပေါ်တိုင်းရင်းသား အားလုံး အား ကိုယ်စားပြုပါသည်။

(စ) တောင်တန်း၏ အောက်ဘက်မြေပြန့်သည် မြေပြန့်တိုင်းရင်းသား များကို ကိုယ်စားပြုပြီး ဆိုလိုရင်းမှာ တောင်ပေါ်မြေပြန့် မခွဲခြားဟု အဓိပ္ပာယ်ရပါသည်။

(ဆ) ကြယ်အဖြူရောင်၏ သဘောမှာ ဖြူစင်ခြင်းနှင့် ရိုးသားခြင်းကို ကိုယ်စားပြုပါသည်။

(ဇ) ကြယ်၏ အဓိပ္ပာယ်သဘောမှာ လောကကြီးတည်ရှိနေသ၍ ထွန်းလင်း တောက်ပ အလင်းရောင်ပေးနေမည်ဟု အဓိပ္ပာယ် ဖော်ကျူးပါသည်။

## ပါတီအမှတ်တံဆိပ်

(က) ပါတီအမှတ်တံဆိပ်သည် အဝိုင်းဖြစ်ပြီး အချင်း (၀.၇၅)လက်မဖြစ်ပါသည်။

(ခ) ပါတီအမှတ်တံဆိပ်၏ အဝိုင်းနှင့် အောက်ခံအနီရောင်၏ သဘောမှာ ပြည့်ဝခြင်းနှင့် ရဲရင့်ခြင်း ၊ ပြတ်သားခြင်းဟု အဓိပ္ပာယ်ရပါသည်။

(ဂ) ကြယ်အကြီး အဖြူရောင်(၃)လုံးမှာ ဖြူစင်ခြင်းနှင့် လွတ်လပ်ခြင်း ၊ တရားမျှတခြင်း ၊ တန်းတူညီမျှခြင်းဟု အဓိပ္ပာယ်ရပါသည်။

(ဃ) ကြယ်အသေး အဖြူရောင်(၆)လုံးမှာ ဓနုဒေသများကို ကိုယ်စားပြုပြီး ရိုးသားခြင်းနှင့် ဖြူစင်ခြင်းဖြစ်ပါသည်။

(င) ကြယ်များအောက်ဘက်ရှိ တောင်တန်းနှင့်မြေပြန့်ပုံမှာ တောင်ပေါ်တိုင်းရင်းသားနှင့် မြေပြန့်တိုင်းရင်းသားများ ဉမကွဲသိုက်မပျက် အတူတကွနေထိုင်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

## အခန်း(၂)
## ပါတီဆောင်ပုဒ်

# ၄။ အခွင့်အရေးမှန်သမျှ ခွဲဝေမျှ

## အခန်း(၃)
## ရည်ရွယ်ချက်

၅။ ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP) ပါတီသည် အောက်ပါရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) တိုင်းရင်းသားအားလုံး အပြန်အလှန် ယုံကြည်ခြင်းနှင့် စည်းလုံးညီညွတ်မှုတည်ဆောက်ပြီး ချိုမြိန်သောအနှစ်ဖြင့် ပြည့်စုံသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းတည်တံ့နိုင်စေရန်။

(ခ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ပြီးသကာလ တန်းတူညီမျှသော လူ့အခွင့်အရေးများ ရရှိခံစားနိုင်စေရန်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော် အရပ်ရပ်ရှိ ဆင်းရဲနိမ့်ပါးသော ဒေသဆိုင်ရာအသီးသီးမှအစပြုပြီး နိုင်ငံလုံးဆိုင်ရာ တပြေးညီဖွံ့ဖြိုးတိုးတက်သည်အထိ အားကြိုးမာန်တက်ဆောင်ရွက်သွားရန်။

(ဃ) နိုင်ငံသားတိုင်း ကျန်းမာရေး ၊ လူမှုရေး ၊ ပညာရေး ၊ စီးပွားရေး နိုင်ငံရေးတွင် နိုင်ငံတကာ "စံ"အဆင့်ရှိစေရန်အတွက် ပညာပေး ဆောင်ရွက်သွားရန်။

(င) တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သ၍ ကာကွယ်စောင့်ရှောက် အရှည်တည်တံ့ရန်။

## အခန်း(၄)
## ပါတီဖွဲ့စည်းပုံ

၆။ ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)၏ ဖွဲ့စည်းပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ပါတီစည်းရုံးရေးဆိုင်ရာ အခြေခံဒေသများမှာ ဓနုတိုင်းရင်းသား အများစုနေထိုင်ကြသော ရွာငံမြို့နယ် ၊ ပင်းတယမြို့နယ် ၊ နောင်ချိုမြို့နယ် ၊ ကလောမြို့နယ် ၊ ရပ်စောက်မြို့နယ် ၊ တောင်ကြီးမြို့နယ်တို့တွင် မြို့နယ်အဆင့်ရုံးခန်းများ ဖွင့်လှစ် ထားရှိရန်အတွက် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပြီး "ဗဟိုဌာနချုပ်" ရုံးခန်းအား ရွာငံမြို့တွင် ဖွင့်လှစ်ထားရှိမည် ဖြစ်ပါသည်။

(ခ) ပါတီဖွဲ့စည်းပုံ အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပါတီညီလာခံ

ဗဟိုကော်မတီ

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

မြို့နယ်အလုပ်အမှုဆောင်ကော်မတီ

ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီ

ကျေးရွာအလုပ်အမှုဆောင်ကော်မတီ

<u>ပါတီညီလာခံ</u>

၇။ ပါတီညီလာခံကို မြို့နယ်အလိုက် စည်းရုံးရေးအခြေအနေနှင့် ပါတီဝင်အင်အား ပေါ်မူတည်၍လည်းကောင်း ၊ ညီလာခံကိုယ်စားလှယ်များနှင့် အရေအတွက်ကို "ဗဟိုကော်မတီ" အဖွဲ့နှင့် "ဗဟိုအလုပ်အမှုဆောင်" အဖွဲ့မှ သတ်မှတ်ရမည်။

<u>တာဝန် လုပ်ပိုင်ခွင့်နှင့်သက်တမ်း</u>

၈။ ညီလာခံ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်သက်တမ်းကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(က) ညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာရှိသည်။

(ခ) ပါတီအတွင်း အထွေထွေရွေးကောက်ပွဲများကို ညီလာခံတွင်သာ ကျင်းပပြုလုပ်ရမည်။

(ဂ) ညီလာခံအစည်းအဝေးကို "ဗဟိုကော်မတီ" အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ခေါ်ယူရမည်။

(ဃ) ပါတီညီလာခံ၏ သက်တမ်းနှင့် ကိုယ်စားလှယ်များကို ပထမအကြိမ် ညီလာခံတွင် သတ်မှတ်ရွေးချယ်ရမည်။

## ဗဟိုကော်မတီ

၉။ ဗဟိုကော်မတီအား ရှင်းမြို့နယ် ၊ ပါတီတည်ထောင်လိုသူများ(၃၆)ဦးနှင့် (DNOP)ပါတီ ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ကြသူများ နှင့် အခြားမြို့နယ်များမှ တစ်မြို့နယ်လျှင် (၅)ဦးနှုန်းဖြင့် တိုးချဲ့ဖွဲ့စည်းရမည်။

## ဖွဲ့စည်းပုံ ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်သက်တမ်း

(က) ပါတီတည်ထောင်လိုသူများ(ဗဟိုကော်မတီ) (၃၆)ဦးနှင့် တိုးချဲ့ဖွဲ့စည်းတာဝန်ပေးအပ်ခံရသူများသည် ရာသက်ပန်အဖွဲ့ဝင်များ ဖြစ်ရမည်။

(ခ) ဗဟိုကော်မတီများသည် ပါတီအပေါ်သစ္စာဖောက်ဖျက်ခြင်း ၊ အကြိမ်ကြိမ်ပါတီတာဝန်ပျက်ကွက်ခြင်း ၊ ပါတီအတွင်းစည်းလုံးညီညွတ်မှုပြိုကွဲအောင် ကြံရွယ်ခြင်း ၊ ပြုလုပ်ခြင်းများရှိခဲ့ပါက "ဗဟိုကော်မတီ"နှင့် "ဗဟိုအလုပ်အမှုဆောင်" အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တရားဝင်နုတ်ထွက်ခွင့်တင်စေခြင်း ၊ ထုတ်ပယ်ခြင်း ပြုရမည်။

(ဂ) ဗဟိုကော်မတီသည် "ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ" ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ကြသူများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အဓိကနေရာများတွင် တာဝန်ပေးဖွဲ့စည်းရမည်။

(ဃ) ဗဟိုကော်မတီ ပုံမှန်အစည်းအဝေးအား (၆)လတစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(င) ဗဟိုကော်မတီ အရေးပေါ်အစည်းအဝေးအား ဥက္ကဋ္ဌ ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ခေါ်ယူရမည်။

## ဗဟိုအလုပ်အမှုဆောင်ကော်မတီ

၁၀။ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို (၂၅)ဦးနှင့် စတင်ဖွဲ့စည်းပြီး ကျန်မြို့နယ်များပူးပေါင်းပါဝင်လာပါက (၄)ဦးစီဖြင့် တိုးချဲ့ဖွဲ့စည်းသွားရမည်။

## ဖွဲ့စည်းပုံ ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်သက်တမ်း

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | (၁)ဦး |
| (ခ) | ဒု-ဥက္ကဋ္ဌ | (၃)ဦး |
| (ဂ) | အထွေထွေအတွင်းရေးမှူး | (၁)ဦး |
| (ဃ) | အတွင်းရေးမှူး(၁-၂-၃) | (၃)ဦး |
| (င) | ဘဏ္ဍာရေးမှူး | (၂)ဦး |
| (စ) | စာရင်းစစ် | (၂)ဦး |
| (ဆ) | မူဝါဒနှင့်သတင်းပြန်ကြားရေးမှူး | (၂)ဦး |
| (ဇ) | ဥပဒေအကြံပေး | (၂)ဦး |
| (ဈ) | အဖွဲ့ဝင် (စည်းရုံးရေးမှူး) | (၉)ဦး |

## တာဝန် ၊ လုပ်ပိုင်ခွင့်နှင့်သက်တမ်း

၁၁။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ သက်တမ်းနှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဗဟိုအလုပ်အမှုဆောင် ပုံမှန်အစည်းအဝေးကို (၃)လတစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌမှ အရေးပေါ်အစည်းအဝေးကိုခေါ်ယူရမည်။

(ဂ) ပါတီဖွဲ့စည်းပုံအဆင့်ဆင့်အား အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် လိုအပ်ချက်အရအရေးပေါ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တိုင်းသည် ကျေးရွာအုပ်စု တစ်ခုချင်းသော်လည်းကောင်း ၊ ဖုံအလိုက်သော်လည်းကောင်း ၊ ပါတီစည်းရုံးရေး ၊ ပါတီမူဝါဒသဘောထား ၊ ပါတီစည်းမျဉ်းစည်းကမ်း

ဆိုင်ရာကိစ္စများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(စ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ သက်တမ်းသည် ပါတီဗဟို ကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင် (၇၅%)၏ အစည်းအဝေး ဆုံးဖြတ်ချက်မှ သတ်မှတ်မည်။

(ဆ) ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပါတီမူဝါဒ သဘောထား ၊ ပါတီစည်းမျဉ်းစည်းကမ်း ၊ ဖွဲ့စည်းပုံအဆင့်ဆင့် တာဝန်ပေးအပ်ခြင်းတို့တွင် ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း ပြုရမည်။

## အခန်း(၅)
## ပါတီဝင်များ စိစစ်လက်ခံခြင်း

**ပါတီဝင်အရည်အချင်း**

၁၂။ “ခနအမျိုးသားများအဖွဲ့ချုပ်” ပါတီ၏ နိုင်ငံရေးမူဝါဒသဘောထားများနှင့် ပါတီဖွဲ့စည်းပုံ ၊ စည်းမျဉ်းစည်းကမ်းများကို လက်ခံယုံကြည်သူ မည်သူမဆို အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံပြီး နီးစပ်ရာ ပါတီစည်းရုံးရေးကော်မတီအဆင့်ဆင့်၏ ကော်မတီဝင် တစ်ဦးဦး ထံတွင်သတ်မှတ်ထားသော ပါတီဝင်ကြေးနှင့်အတူ ပါတီဝင် လျှောက်လွှာဖြည့်သွင်းပြီး ပါတီဝင်အဖြစ် လျှောက်ထားနိုင်ပါသည်–

(က) နိုင်ငံသား ၊ နိုင်ငံသားပြုခွင့်ရသူ ၊ ဧည့်နိုင်ငံသား ၊ ယာယီ သက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်း ၊

(ခ) အသက်(၁၈)နှစ် ပြည့်ပြီးသူ ဖြစ်ခြင်း ၊

(ဂ) သာသနာ့ဝန်ထမ်း မဟုတ်ခြင်း ၊

(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း ၊

(င) ထောင်ကျခံနေရသူ မဟုတ်ခြင်း ၊

(စ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းဝင်(သို့မဟုတ်)အကြမ်းဖက်လုပ်ငန်းများကို ကျူးလွန် သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း(သို့မဟုတ်) အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင်မဟုတ်ခြင်း ၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်နှင့် ငြိစွန်းသူမဟုတ်ခြင်း ၊

(ဇ) နိုင်ငံခြားသား (သို့မဟုတ်)နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ခြင်း ၊

(ဈ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၆)ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံထားသူ ဖြစ်ခြင်း ။

၁၃။ (က) ပါတီဝင်အဖြစ် လျှောက်ထားလိုသူသည် လက်ရှိပါတီဝင်တစ်ဦး၏ ထောက်ခံချက်ကိုရယူပြီး လျှောက်ထားရမည်။

(ခ) ပါတီဝင်လျှောက်ထားလိုသူသည် အခြားပါတီဝင်ဖြစ်ခဲ့ပါက နှုတ်ထွက်စာဖြင့် ပူးတွဲလျှောက်ထားရမည်။

၁၄။ ပါတီဝင်များ စည်းကမ်းထိန်းသိမ်းလိုက်နာစေရန် ပါတီစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ စုံစမ်းစစ်ဆေးခြင်း ၊ အရေးယူခြင်းများ ခံယူရမည်။

၁၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ (၁၀)ပါ အရည်အချင်းများနှင့်ကိုက်ညီသူများအား ပါတီဝင်အဖြစ် စိစစ်လက်ခံသွားရန် အောက်ပါအတိုင်း ဆောင်ရွက်ပါမည်–

## အခန်း(၆)

## ပါတီ စည်းမျဉ်းစည်းကမ်းများ

၁၆။ ပါတီစည်းမျဉ်း စည်းကမ်းများကို အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်–

(က) ပါတီဝင်များသည် "မနုအမျိုးသားများအဖွဲ့ချုပ်" ပါတီ၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပါတီ၏ ဂုဏ်သိက္ခာအား ထိခိုက်နစ်နာစေနိုင်သည့် အပြောအဆို အရေးအသား ၊ စည်းရုံးဟောပြောခြင်းကို ရှောင်ကြဉ်ရမည်။

(ဂ) ဒေသအတွင်း ပြင်ပနေ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအား ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပြီး ကိုးကွယ်သည့်ဘာသာ ၊ ယဉ်ကျေးမှု ရိုးရာဓလေ့များအား အပြန်အလှန် လေးစားရမည်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်သော အပြုအမူနှင့် အကျင့်စရိုက်များကို ရှောင်ကျဉ်ရမည်။

(င) ပါတီညီလာခံနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပါတီ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ အရေးယူခြင်းခံယူရမည်။

(စ) နိုင်ငံရေးကို ဘာသာရေးနှင့် ရောထွေးယှက်တင် အလွဲသုံးစား မပြုလုပ်ရ။

(ဆ) လူတစ်ဦးသည် ပါတီတစ်ခုအတွင်းတွင်သာ ပါဝင်ခွင့်ရှိသည်။ (ပါတီ နှစ်ခုမဖြစ်စေရ) ယခင်ပါတီဝင်ဖြစ်ခဲ့ပါက နှုတ်ထွက်ပြီး ဖြစ်ရမည်။

(ဇ) ပါတီ၏ စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ပါက ပါတီဝင်အဖြစ်မှ သော်လည်းကောင်း ၊ လွှတ်တော်အဆင့်ဆင့် ကိုယ်စားလှယ် အဖြစ်မှသော်လည်းကောင်း ၊ ရပ်စဲခြင်းခံရသည်အထိ အရေးယူ ခြင်းခံရမည်။

(ဈ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများ ၊ ဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များကို လိုက်နာရန်ပျက်ကွက်သော ပါတီဝင်များ ၊ ဖွဲ့စည်းပုံအဆင့်ဆင့် ပါတီတာဝန်ကျများ ၊ လွှတ်တော်အဆင့်ဆင့် ကိုယ်စားလှယ်များ ပါတီစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံ ရမည်။

(ည) ပါတီစည်းမျဉ်းစည်းကမ်းများအား အခြေအနေ အချိန်အခါနှင့် လိုအပ်ချက်အရ ဗဟိုအလုပ်အမှုဆောင်(CEC)မှ သတ်မှတ် ပြဋ္ဌာန်းရမည်။

(ဋ) ပါတီဝင်များသည် ဗဟိုအလုပ်အမှုဆောင်မှ သတ်မှတ်ပြဋ္ဌာန်း ထားသော လစဉ်ပါတီဝင်ကြေးများကို ထည့်သွင်းရမည်။

## အခန်း(၇)

## ပါတီမူဝါဒ သဘောထားများ

၁၇။ ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)၏ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ပါတီမူဝါဒ သဘောထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) နိုင်ငံရေး

(၁) စစ်မှန်ပြီး အနှစ်သာရနှင့် ပြည့်စုံသော ဒီမိုကရေစီစနစ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် လက်တွဲဖော် နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၂) ဒီမိုကရေစီစနစ် ထွန်းကားလာသည်နှင့်အမျှ အခြေခံလူ့အခွင့်အရေးများဖြစ်သော လွတ်လပ်ခြင်း ၊ တရားမျှတခြင်း ၊ တန်းတူညီမျှခြင်း စသည်များကို ရရှိခံစားနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသည့် အမည်နာမနှင့်အညီ တိုင်းရင်းသားများ ပူးပေါင်းပါဝင်သည့် ပြည်ထောင်စုစနစ် ဖြစ်ပေါ်စေရမည်။

(၄) တိုင်းရင်းသားများ ပူးပေါင်းပါဝင်သည့် ပြည်ထောင်စုအစိုးရဖြစ်ပေါ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု အမှန်တကယ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်။

(၅) မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံရေးပါတီများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၆) ပြည်ထောင်စုမပြိုကွဲရေး ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ၊ တရားဥပဒေ စိုးမိုးရေး စသည်များ အဓိကထားဆောင်ရွက်သွားမည်။

(၇) နိုင်ငံတော်၏ အသက်သွေးကြောဖြစ်သော ဖွဲ့စည်းပုံဆိုင်ရာ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေအရပ်ရပ်သည် ပြည်သူအား အမှန်စင်စစ် ကိုယ်စားပြုစေရမည်။

(၈) ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်၏ အကြွင်းရလာဒ်သည် လူတစ်ဦးချင်းစီသော်လည်းကောင်း ၊ လူမျိုးတစ်မျိုးစီသော်လည်းကောင်း ၊ ဒေသတစ်ခုချင်းသော်လည်းကောင်း ၊ နိုင်ငံတစ်ဝှမ်းလုံးရှိ တောင်ပေါ်မြေပြန့် အရပ်ဒေသအသီးသီးတို့၏ လွတ်လပ်ခြင်း ၊ တရားမျှတခြင်း ၊ တန်းတူညီမျှခြင်း စသည့် အခြေခံလူ့အခွင့်အရေးတို့အား အာမခံနိုင်စေရန်မှာ "ပြည်ထောင်စုအစိုးရစနစ်" သည်သာ ဖြစ်သည်ဟု ယုံကြည်သည်။

(၉) ပြည်ထောင်စုအစိုးရ၏ အာဏာသည် နိုင်ငံတော်တစ်ဝှမ်းလုံးရှိ ပြည်သူမှ ဆင်းသက်စေရမည်။

(၁၀) နိုင်ငံတော်အစိုးရနှင့် ပြည်သူသည် တစ်သားတည်းရှိစေရမည်။

(ခ) နိုင်ငံခြားအရေး

(၁) ဘက်လိုက်ခြင်း ၊ သန့်ရှင်း၍ လွတ်လပ်ရှင်းလင်းသောနိုင်ငံခြားရေး မူဝါဒဖြင့် နိုင်ငံတကာအား ဆက်ဆံသွားရမည်။

(၂) နယ်နိမိတ်ခြင်း ထိစပ်နေသော မိမိပတ်ဝန်းကျင် နိုင်ငံများနှင့် စစ်ရေး ၊ စီးပွားရေး ၊ နည်းပညာပူးပေါင်းဖလှယ်ခြင်း စသည်တို့တွင် ရာသက်ပန် မဟာမိတ်ဖြစ်စေရမည်။

(၃) နယ်နိမိတ်ထိစပ်နေသော ပတ်ဝန်းကျင်နိုင်ငံများနှင့် စစ်ရေးအရ ကျူးကျော်ခြင်း ၊ နယ်မြေကျူးကျော်အငြင်းပွားခြင်းတို့အား နူးညံ့သိမ်မွေ့သောနည်းဖြင့် ထိန်းသိမ်းဆောင်ရွက်ရမည်။

(၄) နိုင်ငံတကာ၏ အချုပ်အခြာအာဏာနှင့် နယ်မြေ ၊ နယ်နိမိတ်ကို လေးစားလိုက်နာရမည်။

(၅) နိုင်ငံတကာ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်ခြင်း မပြုရ။

(၆) နိုင်ငံတကာနှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းများတွင် တရားမျှတခြင်းဖြင့် အပြီးသတ်စေရမည်။

(၇) ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ ၊ နည်းဥပဒေ ၊ တာဝန်ဝတ္တရားများကို လေးစားလိုက်နာပြီး အပြုသဘောဖြစ်ရမည်။

(ဂ) စီးပွားရေး

မနုဒေသအတွင်း–

(၁) လယ်ယာ/ဥယျာဉ်စိုက်ပျိုးရေးမှ စက်မှုလယ်ယာ စိုက်ပျိုးရေးအဆင့်သို့ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်။

(၂) စက်မှုလယ်ယာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ် ထွန်းကားစေရမည်။

(၃) ဒေသအတွင်း ထွက်ကုန်သီးနှံများ နိုင်ငံတကာ "စံ" အဆင့်ရှိစေပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် တွင်ကျယ်စေရမည်။

(၄) ဒေသအတွင်းရှိ သီးနှံထွက်ကုန်များကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ (သို့မဟုတ်) ပြည်တွင်းပြည်ပ စက်မှုလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၅) ဒေသတွင်းရှိ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများအား နိုင်ငံတော်မူဝါဒနှင့်အညီ ထုတ်လုပ်ပြီး မိမိဒေသနှင့် တကွ နိုင်ငံလုံးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်။

(၆) တစ်ပိုင်တစ်နိုင် ကျွဲ ၊ နွား ၊ ဝက် ၊ ကြက် မွေးမြူရေးမှတစ်ဆင့် နိုင်ငံတော်နှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများ ရယူပြီး စီးပွားရေးလုပ်ငန်းအဖြစ် ကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်။

(ဃ) လယ်ယာ/ဥယျာဉ် စိုက်ပျိုးရေး

(၁) လယ်ယာ/ဥယျာဉ် စိုက်ပျိုးလုပ်ကိုင် စားသောက်သူတိုင်းသည် လယ်ယာပိုင်ဆိုင်ခွင့်/လွှဲပြောင်းရောင်းချ ပေါင်နှံပိုင်ခွင့် အာမခံချက်များ ရရှိစေရမည်။

(၂) မိမိပိုင်လယ်ယာမြေများတွင် မူးယစ်ဆေးဝါးမှလွဲပြီး လွတ်လပ်စွာ စိုက်ပျိုးပိုင်ခွင့် ၊ သိုလှောင်ရောင်းချပိုင်ခွင့် ရှိစေရမည်။

(၃) လယ်ယာ/ဥယျာဉ်စိုက်ပျိုးသူတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာလုပ်ငန်း ကျွမ်းကျင်ပိုင်ဆိုင်သူများ ဖြစ်စေရမည်။

(၄) လယ်ယာ/ဥယျာဉ် စိုက်ပျိုးရေးသမားတိုင်း အရင်းမပျောက်မတည်ငွေများ ၊ နိုင်ငံတကာအတိုးနှုန်းဖြင့် စိုက်ချေးငွေများဖြင့် လုပ်ငန်းကျယ်ပြန့်ရန် ဆောင်ရွက်သွားမည်။

(၅) စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသော သီးနှံအသီးသီးအား ကုန်ချောအဖြစ်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်တွင် တွင်ကျယ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၆) လက်မှုလယ်ယာစိုက်ပျိုးရေးစနစ်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစိုက်ပျိုးရေး အဆင့်သို့တက်လှမ်းအောင်မြင်နိုင်ရန် သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းပညာတက္ကသိုလ်များ ၊ စက်မှုလယ်ယာ နည်းပညာတက္ကသိုလ်များဖွင့်လှစ် သင်ကြားပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်။

(၇) တောင်သူလယ်သမား သမဂ္ဂများ ဖွဲ့စည်းပေးခြင်းဖြင့် စိုက်ပျိုးရေးနည်းပညာ ဖလှယ်ပွဲများ တစ်နှစ်လျှင်(၂) ကြိမ်ခန့် စီစဉ်ဆောင်ရွက်သွားမည်။

(၈) လယ်ယာထွက်ကုန်များ ခေါင်းပုံဖြတ် ဝယ်ယူ/ရောင်းချခြင်း ကင်းရှင်းနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားမည်။

(၉) မတရားသိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည်ရရှိရန် ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ခြင်းနှင့် နောင်အလားတူ ပြဿနာများ မဖြစ်စေရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည်။

(င) အလုပ်သမားများ ရေးရာ

(၁) အလုပ်သမားများဖြစ်သည့်ပစ္စည်းမဲ့လူတန်းစားများ အလုပ်အကိုင် အခွင့်အလမ်းများ အစဉ်ရရှိစေရန် ပလ္လင်ချ စီစဉ်ဆောင် ရွက်သွားမည်။

(၂) အလုပ်သမားများ၏ အခြေခံအခွင့်အရေးများ ရရှိခံစား ဖြေရှင်းနိုင်ရန်အတွက် အလုပ်သမား သမဂ္ဂများတရား ဝင်ဖွဲ့စည်းပေးခြင်းဖြင့် ဘဝအာမခံချက်ရရှိစေရမည်။

(၃) အလုပ်သမားများ၏ မိသားတစ်စုတိုင်း အိမ်၊ ခြံ ၊ မြေပိုင်ဆိုင်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မား စေရမည်။

(၄) အလုပ်ရှင်နှင့် အလုပ်သမားတို့ဘဝတပြေးညီ ဖွံ့ဖြိုးတိုး တက်ပြီး အပြန်အလှန် အကျိုးလို လားခြင်း ဖြစ်ရမည်။

(၅) အလုပ်ရှင်နှင့် အလုပ်သမားတို့၏အခွင့်အရေး လုံခြုံ အေးချမ်းစေရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းပြီး ကာကွယ်စောင့်ရှောက်သွားမည်။

(စ) ပညာရေး

(၁) အရွယ်ရောက်သူတိုင်း အခမဲ့ ပညာသင် အခွင့်အလမ်း များရရှိပြီး အနည်းဆုံး အခြေခံ ပညာအလယ်တန်းဆင့် အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) မရှိဆင်းရဲသောကျောင်းသူ/ကျောင်းသား များနှင့် ထူးချွန် ကျောင်းသူ/ကျောင်းသား များအား ပညာသင်စရိတ် များထောက်ပံ့ ကူညီနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်။

(၃) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အဆင့်မြင့် ပညာရေးတက္ကသိုလ်များ ဖွင့်လှစ် သင်ကြားနိုင် ရေး အတွက် နိုင်ငံတော်အစိုးရ နှင့် ပူးပေါင်းဆောင်ရွက် သွားမည်။

(၄) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ ကျောင်းများ ဖွင့်လှစ်သင်ကြား နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် သွားမည်။

(၅) အခြေခံအထက်တန်းပညာအောင်မြင်သူတိုင်းအဆင့်မြင့် ပညာရေးနှင့်အလုပ်အကိုင် အခွင့်အလမ်းများမလွဲမသွေ

ရရှိနိုင်ရန် ဒေသအစိုးရ ၊ ပြည်နယ်အစိုးရ ၊ နိုင်ငံတော် အစိုးရတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၆) ပညာရေးဝန်ထမ်းများ၏ အခြေခံလိုအပ်ချက်များနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် အားကုန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ဆ) သစ်တောရေးရာ

(၁) ဓနုဒေသအတွင်း ကျန်ရှိနေသော သဘာဝသစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အပိုင်နယ်မြေဆိုင်ရာ သစ်တောထိန်းသိမ်းရေး ရှာကော်မတီ ၊ ရပ်ကွက်/ကျေး ရွာအုပ်စုကော်မတီ ၊ မြို့နယ်ကော်မတီ စသည်အားဖြင့် ဖွဲ့စည်း/တာဝန်ပေးအပ်သွားမည်။

(၂) တရားမဝင်သစ် ခိုးထုတ်လုပ်မှုများကို ဒေသခံပြည်သူများ ဌာနဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ ၊ လူမှုအဖွဲ့ အစည်းများနှင့် ပူးပေါင်းပြီး အရေးယူ ဆောင်ရွက်သွား မည်။

(၃) တရားမဝင်သစ် ခိုးထုတ်လုပ်မှုများ ပပျောက်စေပြီး နှစ်စဉ်ပြန်လည် အစားထိုးစိုက်ပျိုးခြင်းများကို ဒေသခံ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၄) ဒေသအတွင်း တရားမဝင် သစ်ထုတ်လုပ်ခြင်းသည် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုအဆင့် မြင့်မားရေး အတွက်သာဖြစ်ပြီး စီးပွားရေးအတွက် မဖြစ်စေရ။

(၅) သစ်တောများ အစားထိုးစိုက်ပျိုးခြင်း ၊ ထိန်းသိမ်း စောင့်ရှောက်ခြင်းများ ဖွံ့ဖြိုးတိုးတက်ရန် အဆင့်မြင့် နည်းပညာများ အသုံးချဆောင်ရွက်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားမည်။

(ဇ) ကျန်းမာရေး

(၁) အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် နိုင်ငံတော် အစိုးရ ၊ လူမှုအဖွဲ့အစည်းများ ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၂) ဆေးရုံ ၊ ဆေးခန်းများနှင့် ဝေးလံပြီး သွားလာရန် လွယ်ကူခြင်းမရှိသော ကျေးရွာအုပ်စုတိုင်းတွင် ဆေးပေး

ခန်းနှင့် ကျန်းမာရေးဌာနခွဲများ ထားရှိပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၃) ဆေးရုံ ၊ ဆေးပေးခန်းများတွင် ပြည့်စုံလုံလောက်သော ဆေးဝါး ၊ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများ ထားရှိပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၄) ကျေးလက်ဒေသများတွင် မွေးကင်းစကလေးများသေဆုံးခြင်းနှင့် မိခင်သေနှုန်းကျဆင်းရပ်တံ့ရန် သားဖွားဝန်ထမ်းများ ပြည့်စုံလုံလောက်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ငှက်ဖျားရောဂါနှင့် ကူးစက်ရောဂါများ ကျဆင်းပျောက်ကွယ်ရန် ကြိုတင်ကာကွယ်ခြင်းနှင့် နည်းပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်။

(ဈ) လူငယ်နှင့်အမျိုးသမီးရေးရာ

(၁) လူငယ်နှင့်အမျိုးသမီးတို့သည် တိုင်းပြည်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရာနှုန်းပြည့် ပါဝင်လာစေနိုင်ရေးအတွက် ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း ၊ စမ်းသပ် တာဝန်ပေးခြင်းများ ကြိုးပမ်း ဆောင်ရွက်သွားမည်။

(၂) တိုင်းပြည်၏ နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး ၊ ပညာရေး ၊ ကျန်းမာရေး ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ၏ အခန်းကျယ်ပြန့်လာစေရန် လေ့ကျင့်ပညာပေးသွားမည်။

(၃) လူငယ်နှင့် အမျိုးသမီးတို့သည် နိုင်ငံတော်အနာဂတ်၏ သားကောင်းရတနာများဖြစ်လာကြစေရန် စီမံကိန်းချဆောင်ရွက်သွားမည်။

(ည) တရားစီရင်ရေး

(၁) တရားစီရင်ရေးဆိုင်ရာ တရားခွင်အသီးသီးတွင် အဂတိလိုက်စားမှုများနှင့် လာဘ်ပေး/ယူ ကင်းရှင်းပြီး သန့်ရှင်းသောတရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်လာရန် ၊ ပြည်သူများ ၊ လူမှုအဖွဲ့အစည်းများနှင့် ဥပဒေဘက်တော်သား

ပြည်သူ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၂) လွတ်လပ်သန့်ရှင်းသော တရားရေးမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်။

(ဃ) ဝန်ထမ်းရေးရာ

(၁) နိုင်ငံတော်မှ တရားဝင်ခန့်ထားသော ဌာနဆိုင်ရာဝန်ထမ်းအသီးသီးသည် လာဘ်ပေး ၊ လာဘ်ယူ ကင်းရှင်းပြီး ပြည်သူအား အလုပ်အကျွေးပြုသော ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂) ဌာနဆိုင်ရာဝန်ထမ်းများ၏ အခက်အခဲနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူသည် တသွေးတသားတည်းဖြစ်ရန်နှင့် ပြည်သူများအားကိုးယုံကြည်သော ဝန်ထမ်းကောင်းများဖြစ်ရန် ကူညီစောင့်ရှောက်သွားမည်။

(င) လမ်းပန်းဆက်သွယ်ရေး

(၁) ဒေသဆိုင်ရာအတွင်း ကျေးရွာချင်းဆက်လမ်းများ ၊ မြို့တွင်းလမ်းများ ၊ မြို့နှင့်ကျေးရွာဆက်လမ်းများအားလုံး အဆင်ပြေချောမွေ့ရန်အတွက် နိုင်ငံတော်နှင့် တကွဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

## အခန်း(၈)
## အထွေထွေ

၁၈။ ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)သည် အောက်ပါအတိုင်း လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမည်–

(က) တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်သော ဒီမိုကရေစီနိုင်ငံတော်အစိုးရဖြစ်ပေါ်စေပြီး ငြိမ်းချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

(ခ) နိုင်ငံတော်တဝှမ်းရှိ ဆင်းရဲနွမ်းပါးသော ကျေးလက်များမှ စတင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် စီးပွားရေး ၊ ကျန်းမာရေး ၊ ပညာရေး ၊ လမ်းပန်းဆက်သွယ်ရေး ၊ ရေ/မီး အခက်အခဲများကို ကူညီဖြေရှင်းဆောင်ရွက်သွားမည်။

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဃ) ဓနုဒေသနှင့်အတူ နိုင်ငံလုံးဆိုင်ရာ အဝိုင်းအဝန်းတစ်ခုလုံး လွတ်လပ်ခြင်း ၊ တရားမျှတခြင်း ၊ တန်းတူညီမျှခြင်းဟူသည့် အနှစ်သာရနှင့် ပြီးပြည့်စုံခံစားခွင့်ရရှိနိုင်ရန်မှာ လူတစ်ဦးချင်းစီတွင် တာဝန်ရှိသည်ဟု ခံယူပြီး ငြိမ်းချမ်းသိမ်မွေ့သော တရားဥပဒေစိုးမိုးခြင်းဖြင့် လူသားအားလုံးပူးပေါင်းဆောင်ရွက် သွားရမည်ဟုယုံကြည်ဆောင်ရွက်သွားမည်။

(င) အမျိုးသားပြန်လည်သင့်မြတ်ခြင်းနှင့် ရာသက်ပန်အတူ တကွယှဉ်တွဲနေထိုင်ပြီး နိုင်ငံတော်၏ ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး ၊ တရားစီရင်ရေး စသည့် အဓိကမဏ္ဍိုင်ကြီး(၃)ရပ်တွင် တိုင်းရင်းသားများ၏ အခွင့်အရေး ပြည့်ဝစွာရယူဆောင်ရွက်နိုင်ရန်နှင့် ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်သွားရန်။

(စ) ဓနုဒေသအတွင်းမှ နိုင်ငံလုံးဆိုင်ရာအထိ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုများ ကင်းရှင်း၍ စာရိတ္တမဏ္ဍိုင်ဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်သော တရားဥပဒေစိုးမိုးခြင်းဖြစ်အောင် ပံ့ပိုးကူညီဆောင်ရွက်သွားရန်။

(ဆ) ခေတ်နှင့်မဆီလျော်သော နိုင်ငံတော်၏ ဥပဒေအရပ်ရပ်များအား ဖျက်သိမ်းခြင်း ၊ ပြင်ဆင်ခြင်း ၊ အသစ်တဖန်ပြဋ္ဌာန်းခြင်းများဖြင့် ပြည်သူတို့၏ နိုင်ငံရေး ၊ စီးပွားရေး ကျန်းမာရေး ၊ ပညာရေး ၊ လုံခြုံရေး အာမခံချက်ရှိစေပြီး နိုင်ငံတကာ၏ စံနမူနာအဖြစ် ပြောင်းလဲဆောင်ရွက်သွားရန်။

(ဇ) တိုင်းရင်းသားပြည်သူတို့၏ ထုံးတမ်းစဉ်လာ ရိုးရာယဉ်ကျေးမှုမပျက်စေဘဲ ဒေသဆိုင်ရာဥပဒေနှင့် နိုင်ငံတော်၏ ဥပဒေ ၊ နည်းဥပဒေအရပ်ရပ်သည် ပြည်သူ့အပေါင်းမှ ဆင်းသက်စေပြီး ခိုင်မာကျစ်လစ်သော နိုင်ငံတော်အစိုးရအဖြစ် ပံ့ပိုးကူညီဆောင်ရွက်သွားရန်။

## အခန်း(၉)

## ပြည့်စွက်ပြင်ဆင်ခြင်း ၊ ပြဋ္ဌာန်းခြင်း ၊ ဖျက်သိမ်းခြင်း

၁၉။ မနုအမျိုးသားများအဖွဲ့ချုပ်ပါတီသည် အထက်ပါဖွဲ့စည်းပုံ ၊ စည်းမျဉ်းစည်းကမ်းများကို မနုဒေသအတွင်းနှင့် နိုင်ငံတော်တစ်ခုလုံး၏ လိုအပ်ချက်အတိုင်း လိုက်လျောညီထွေစွာ ပြည့်စွက်ပြင်ဆင်ခြင်း ၊ ပြဋ္ဌာန်းခြင်း ၊ ဖျက်သိမ်းခြင်း စသည်တို့အား ဒီမိုကရေစီစနစ်ဖြင့် စီမံဆောင်ရွက်သွားမည်။

———————— ။ ————————